# ချင်းတိုင်းရင်းသားခေါင်းဆောင် ဆလိုင်းလျန်မှုန်းဆာခေါင်း မာတင်လူသာကင်းဆု ချီးမြှင့်

ဒီဗွီဘီ၊ ၉၊ ဇန်နဝါရီ၊ ၂၀၀၇

ချင်းတိုင်းရင်းသားခေါင်းဆောင်တဦးလဲဖြစ် (ENC) ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီ အထွေထွေအတွင်းရေးမှူး လဲ ဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းကို ဆွီဒင်နိုင်ငံအခြေစိုက် Global Peace Group ကမ္ဘာတလွှား ငြိမ်းချမ်းရေး အဖွဲ့က (၂၀၀၇) ခုနှစ်အတွက် မာတင်လူသာကင်းဆု ချီးမြှင့်ကြောင်း သိရပါတယ်။

“မာတင်လူသာကင်းဆုကို ချီးမြှင့်ပေးတာဟာ ကျနော်တယောက်ထဲရဲ့ စွမ်းဆောင်မှုမဟုတ်ဘဲနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုတရပ်လုံး စုပေါင်းလုပ်ဆောင်နေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးပေ့ါနော်၊ ပြီးတော့ ကျနော်တို့ တိုင်းရင်းသားလူမျိုးများတန်းတူရည်တူ အခွင့်အရေးရရှိရေး၊ စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ကျနော်တို့ရဲ့ ကြိုးပမ်းမှုအားလုံးကို အသိအမှတ်ပြုတယ်လို့ အဲဒီလိုပဲ ခံစားမိပါတယ်။ အဲဒီလို နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှု တခုအနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို ကျနော်တို့ရဲ့ လှုပ်ရှားမှုကို အသိအမှတ်ပြုပြီးတော့မှ ဆုချီးမြှင့်တာ ကျနော်တို့အတွက် အများကြီးအထောက်အကူပေးလိမ့်မယ်လို့ ကျနော်မျှော်လင့်မိပါတယ်။”

ဆုရရှိတဲ့အပေါ် ခံစားချက်ကို ဆွီဒင်နိုင်ငံမှာ နေထိုင်နေတဲ့ ဒေါက်တာဆလိုင်းလျန်မှုန်းရဲ့ ခံစားချက်ပါ။

ဒီဆုကို အသားအရောင်ခွဲခြားမှု ဆန့်ကျင်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုက ဒေါက်တာမာတင်လူသာကင်းကို ဂုဏ်ပြုတဲ့အနေနဲ့ မာတင်လူသာကင်းဂျူနီယာက ကမကထပြုပြီး (၂၀၀၅) ခုနှစ်မှာ စတင်ပေးအပ်ခဲ့တာပါ။

ဆုပေးပွဲကိုတော့ မာတင်လူသာကင်းရဲ့မွေးနေ့ဖြစ်တဲ့ လာမဲ့ (၁၅) ရက်နေ့မှာ ဆွီဒင်ပါလီမန်မှာ ပေးအပ်မယ်လို့ သိရပါတယ်။ ဆုကြေးငွေအဖြစ် ဒေါ်လာ (၂၅၀၀၀) ခုနှစ်မှာ စတင်ပေးအပ်ခဲ့တာပါ။

ဆလိုင်းလျန်မှုန်းဟာ ဒီမိုကရေစီရေး၊ တိုင်းရင်းသားရေးလှုပ်ရှားမှုတွေကြောင့် (၁၉၈၈) ခုနှစ်က (၁၉၉၀) ထိ စစ်အစိုးရရဲ့ ဖမ်းဆီးနှိပ်စက်တာကို ခံခဲ့ရပါတယ်။ သူဟာ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူး အဖြစ်လဲ တာဝန်ထမ်းခဲ့သူပါ။

ခုလိုသူ့ကို ဆုရွေးချယ်ပေးခဲ့တာနဲ့ပတ်သက်ပြီးလဲ ဆလိုင်းလျန်မှုန်းက အခုလို သူ့အမြင်ကို ဖြည့်စွက်ပြောဆိုသွားခဲ့ပါတယ်။

“ပြီးခဲ့တဲ့ နှစ်တုန်းကဆိုလဲ ကျနော်တို့ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း အိုးလော့ဖန်းနာမည်နဲ့ လုပ်ထားတဲ့ အိုးလော့ဖန်းဆုကို ချီးမြှင့်ခဲ့ဖူးပါတယ်။ နောက်တချက်ကတော့ ကျနော်ကိုယ်တိုင်က ဒီတိုင်းပြည်မှာ (၁၉၉၅) ကတည်းက ကျနော်တက်ခဲ့တဲ့ တက္ကသိုလ်မှာ ဆွီဒင်–ဘားမားကော်မတီ စသည်ဖြင့် ကျနော်တို့ ဒီမိုကရေစီအရေးတော်ပုံကြီး လှုပ်ရှားမှုအတွက် ကော်မတီဖွဲ့ပြီး တစိုက်မတ်မတ်လုပ်ခဲ့ပါတယ်။ ကျနော်တို့ လှုပ်ရှားမှုကို တစိုက်မတ်မတ် ကြည့်ပြီးတော့ ဆုပေးတဲ့အဖွဲ့တွေကနေ ဒီကိစ္စမှာ ကျနော်တို့ လုပ်ရပ်တွေကို တိုင်းရင်းသားတွေအရေးကိုပါ ဦးစားပေးလုပ်နေတာဟာ အရေးကြီးတယ်။ မာတင်လူသာကင်းကိုယ်တိုင်ကလဲ အမေရိကန်မှာရှိတဲ့ နီဂရိုးလူနည်းစုတွေ အခွင့်အရေးကို တိုက်ပွဲဝင်ခဲ့သလို ကျနော်တို့တိုင်းပြည်မှာရှိတဲ့ တိုင်းရင်းသားလူနည်းစုတွေရဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင်နေတာလဲ တရားမျှတမှု အတွက် အရေးကြီးတယ်ဆိုပြီးတော့ အဲဒီအတွက် ဆုချီးမြှင့်တာဖြစ်ပါလိမ့်မယ်လို့ ကျနော်သုံးသပ်မိပါ တယ်။”